**TAIZE - တေဇေး**

## ၂၀၂၂ ကမ်းလှမ်းချက်များ

## စည်းလုံးမှုကိုဖန်တီးသူများဖြစ်လာခြင်း

စည်းလုံးမှုရှင်သန်လာစေရန်ကူညီခြင်း၊ လူအချင်းချင်းကြားရင်းနှီးမှုများဖန်တီးခြင်း - ထိုအရာများသည် ကျွန်ုပ်တို့မျက်မှောက်ခေတ်၏ အကြီးဆုံးစိန်ခေါ်မှုပင်ဖြစ်သည်။

မျက်မှောက်ကာလသည် လားရာဆန့်ကျင်နေကြသောဖွံ့ဖြိုးမှုများဖြင့် သရုပ်ဖော်ထားပါသည်။

တစ်ဘက်တွင် ဖန်ဆင်းခံအရာများအားလုံး မည်ကဲ့သို့ချိတ်ဆက်၊ ဆက်နွယ်မှုရှိနေသည်ဆိုသည်ကို လူသားထုက ပိုမိုသတိထားမိလာကြသည်။ ကိုဗစ်ကပ်ဆိုးကြီးကြောင့် ကျွန်ုပ်တို့အားလုံးသည် လူသားမိသားစုကြီးတစ်ခုပင်ဖြစ်သည် ဆိုသည်ကို သိရှိနားလည်သွားကြသည်။ အခက်အခဲတချို့ကို အတူတူရင်ဆိုင်ကျော်လွှားနိုင်ကြသည်။

အခြားတစ်ဘက်တွင်မူ ကမ္ဘာကြီးသည် လူမှုရေး၊ နိုင်ငံရေး နှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာများတွင် ပို၍ဆန့်ကျင်လာကြသည်။ ထိုဆန့်ကျင်နေမှုများကြောင့် လူ့အဖွဲ့အစည်းကြား၊ နိုင်ငံအချင်းချင်းကြား နှင့် မိသားစုဝင်ကြားမှာပင် စိတ်ဝမ်းကွဲမှုများ ရှိလာပါသည်။ ခရစ်ယာန်များသည်လည်း ဤခါးသီးမှု၊ မုန်းတီးမှုများကို ခံနိုင်ရည်ရှိသူများ မဟုတ်ကြပါ။ အသင်းတော်အချင်းချင်းကြား နှင့် အသင်းတော် တစ်ခုတည်းအတွင်းမှာပင် ကွဲလွဲမှုများဖြင့် တင်းမာလာကြပြီး ပြိုကွဲခြင်းများဖြစ်ပေါ်လာပါသည်။ ဤအချိန်ကာလမျိုးတွင် ကျွန်ုပ်တို့၏မတူကွဲပြားမှုအတွင်း၌ပင် ငြိမ်းချမ်းရေးသက်သေခံကြရန် အလွန်အရေးကြီးပါသည်။

ယနေ့ခေတ်နိုင်ငံအချို့တွင် ထိုမုန်းတီးမှုများအပြင် လူသိရှင်ကြားဖြစ်လာသော လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၊ ဝိညာဉ်ရေးအလွဲသုံးစားကာ ကျူးလွန်ခံရခြင်းများကြောင့် ခရစ်ယာန်အဖွဲ့အစည်းများ အပေါ် ယုံကြည်မှုကြီးမားစွာဆုံးရှုံးခြင်းများ ထပ်လောင်းဖြစ်ပေါ်လာပါသည်။ လူအများအပြား သည်လည်း မိမိတို့၏ယုံကြည်မှုအလွဲသုံးစားခံရခြင်းကို သိမြင်လာခဲ့ကြသည်။ မကြာသေးသော နှစ်များတွင် တခြားအဖွဲ့အစည်းများကဲ့သို့ပင် ကျွန်ုပ်တို့ တေဇေး ၌လည်းထိုကြီးမားသောမေးခွန်းများနှင့် ပါတ်သက်သည့်အမှန်တရားကိုရှာဖွေရန် လုပ်ဆောင်မှုများပြုလုပ်ခဲ့ပါသည်။ တေဇေး သည် တစ်ဦးတစ်ယောက်စီအတွက် လုံခြုံသောနေရာဖြစ်စေရန်အတွက် လုပ်နိုင်သမျှအားလုံးလုပ်ဆောင် လိုသောဆန္ဒ ကျွန်ုပ်တို့၌ ရှိပါသည်။ (www.taize.fr/protection)

အသင်းတော်သည် အားလုံးအတွက်မိတ်သဟာပြုသောနေရာဖြစ်ဖို့ရန် တာဝန်ရှိသည်။ ထို့ကြောင့် သမ္မာကျမ်းစာအပေါ်သစ္စာစောင့်သိမှုမှဖြစ်ပေါ်လာသော အပြောင်းလဲကြီးတစ်ခု လိုအပ်ပါသည်။ မိမိကိုယ်ကိုပေးအပ်ခဲ့သည့်တိုင်ချစ်ခဲ့သော ခရစ်တော်သည် ကျွန်ုပ်တို့အားလုံး မောင်နှမများကဲ့သို့ နေထိုင်နိုင်ကြရန်၊ လူသားတစ်ဦးစီ၏ ဂုဏ်သိက္ခာကိုမြင့်တင်ပေးရန် နှင့် ဖန်ဆင်းခံအရာတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လိုအပ်သည့်အားအင်ကိုပေးနိုင်သည့်လမ်းသစ်ကို ဖွင့်ပေးခဲ့ပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာအားဖြင့် လူသားအားလုံး

စည်းလုံးညီညွတ်မှုရှိစေရန် ဆင်းသက်လာသည့် အမှတ်လက္ခဏာဖြစ်စေရန် သခင်ခရစ်တော်က ကျွန်ုပ်တို့အားလုံးကို ဖိတ်ခေါ်နေပါသည်။

"လူသားမျိုးနွယ်နှင့် ဖန်ဆင်းခံအရာများအားလုံး၌ စည်းလုံးမှုရှင်သန်ကြီးထွားလာစေရန် ကျွန်ုပ်တို့၏ အသင်းတော်များ၊ အသိုင်းအဝိုင်းများနှင့် ကျွန်ုပ်တို့၏နှလုံးသားများအတွင်းရှိ နီးစပ်သူများနှင့်အတူ ကျွန်ုပ်တို့မည်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်မည်နည်း" ဟူသည့်မေးခွန်းကို ၂၀၂၂ ကမ်းလှမ်းချက်များ အားဖြင့် မိမိကိုယ်ကိုမေးခွန်းထုတ်စေလိုပါသည်။

- ကျွန်ုပ်တို့၏ ပြန်လည်ဆန်းစစ်ချက်ကို ပိုမိုလေးနက်သွားစေရန် ကမ်းလှမ်းချက် ၆ ခု၏ တစ်ခုချင်းစီအောက်တွင် စာပိုဒ်တစ်ခုပါရှိပါသည်။ ၎င်းကိုးကားစာပိုဒ်များကို တေဇေး ၏ အင်တာနက်စာမျက်နှာ၊ podcasts နှင့် workshops များတွင် အကျယ်တဝင့် လေ့လာသွားပါမည်။
- ကမ်းလှမ်းချက် ၆ ခု၏ တစ်ခုချင်းစီအတွက် ကျမ်းစာကိုးကားချက်များ နှင့် သုံးသပ်ချက်များကို အင်တာနက်ပေါ်တွင် ဖော်ပြသွားပါမည်။ ၎င်းတို့သည် တေဇေး အင်တာနက်စာမျက်နှာ၏ ကျမ်းစာမိတ်ဆက်စာများတွင်သုံးသည့် စာပိုဒ်ရွေးချယ်မှုတို့အပေါ် လှုံ့ဆော်ပေးသွားပါမည်။

## ၂၀၂၂ ၏ ယုံကြည်ခြင်းဘုရားဖူးခရီး

ကိုဗစ်ကပ်ဆိုး၏ အကျိုးသက်ရောက်မှုများကို ကျွန်ုပ်တို့ဆက်လက်ခံစားနေရသေးသော်လည်း တေဇေး နှင့် အခြားနေရာများတွင် ယုံကြည်ခြင်းဘုရားဖူးခရီးကို ကျွန်ုပ်တို့ဆက်လက်လျှောက်လှမ်း နိုင်မည်ဟု မျှော်လင့်ပါသည်။

- တေဇေး တွင် တစ်နှစ်တာကာလပတ်အတွင်း အပတ်စဉ်အစည်းအဝေးများရှိခြင်း။
- ၈ - ၁၅ ရက်နေ့ မေလ ၂၀၂၂ - Holy Land သို့ ဘုရားဖူးခရီးသွားခြင်း။
- ၁၃ - ၁၇ ရက်နေ့ ဇွန်လိုင်လ ၂၀၂၂ - မွတ်ဆလင် နှင့် ခရစ်ယာန်လူငယ်များ မိတ်သဟာယ အစည်းအဝေးလုပ်ခြင်း။
- ၂၁ - ၂၈ ရက်နေ့ ဩဂုတ်လ ၂၀၂၂ - အသက် ၁၈ နှင့် ၃၅ နှစ် ကြားရှိသူတို့အတွက် ပြန်လည်ဆန်းစစ်ခြင်း ရက်သတ္တပါတ်။ ထိုတစ်ပါတ်တာအတွင်း ဇီဝဂေဟစနစ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထူးအစီအစဉ်တစ်ရပ်တွင် ပါဝင်လိုသူများ ပါဝင်နိုင်ပါသည်။
- ၂၈ ဒီဇင်ဘာ ၂၀၂၂ မှ ၁ ဇန်နဝါရီ ၂၀၂၃ - လာမည့် ဥရောပဆိုင်ရာအစည်းအဝေး။ ကျင်းပမည့်နေရာကို Turin တွင် ကြေငြာပေးမည်။

## ပထမ ကမ်းလှမ်းချက် - လက်ခံရရှိခြင်း၏ ဝမ်းမြောက်မှု

လူသားမိသားစုအတွက် ငြိမ်းချမ်းမှု နှင့် စည်းလုံးမှုရှိသည့်အနာဂတ်ကို တည်ဆောက်ကြရန် ကျွန်ုပ်တို့အားလုံး တတ်စွမ်းကြသည်။ ထိုသို့ပြုရန် ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တည်ဆောက်သော ဆက်ဆံရေးများဖြင့် စတင်နိုင်သည်။ ကျွန်ုပ်တို့ မိသားစုအတွင်း၊ ဆွေမျိုးသားချင်း နှင့် မိတ်ဆွေများအကြား အထူးသဖြင့် ခက်ခဲကြမ်းတမ်းသောကာလများတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမဖို့ရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့ကိုယ်တိုင် မတူကွဲပြားသည့်အသိုင်းအဝိုင်းမှလာသည့်သူများအား လက်ကမ်းကြိုဆိုသည့် အချိန်တိုင်း လူသားမိသားစု၏ စည်းလုံးမှုတိုးပွားလာသည်။ ကျွန်ုပ်တို့အလိုအလျောက် မချဉ်းကပ်နိုင်သည့်သူများအပါအဝင် တစ်ပါးသူများထံ ကျွန်ုပ်တို့မကြာခဏ သွားရောက်နိုင်ပါသလား။ ထိုသူများထံမှ မည်သို့မျှထင်မှတ်မထားသည့် တုန့်ပြန်မှုရရှိခြင်းက ကျွန်ုပ်တို့ကို ပိုမိုအံ့အားသင့်စေ ပါလိမ့်မည်။

ကျွန်ုပ်တို့၏တွန့်ဆုတ်မှု သို့မဟုတ် စိုးရွံ့မှုတို့ကြောင့် ရပ်တံ့ခြင်းမရှိခဲ့လျှင် လက်ခံရရှိခြင်း၏ ဝမ်းမြောက်မှုကို ကျွန်ုပ်တို့ခံစားနိုင်ကြပါမည်။ တစ်ပါးသူများနှင့်ဆက်ဆံခြင်းဖြင့် မိမိ၏တည်ရှိမှုကို ကျွန်ုပ်တို့တွေ့မြင်လာနိုင်ပါသည်။ ၎င်းသည် အတွင်းစိတ်မှဝမ်းနည်းမှုခံစားရချိန်များတွင် ကျွန်ုပ်တို့ကို နှစ်သိမ့်မှုပေးနိုင်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏ တည်ရှိခြင်းကို အဓိပ္ပါယ်ရှိစေပါသည်။

သူစိမ်းတစ်ဦးမှ ဒဏ်ရာရနေသူကိုကူညီဖေးမခဲ့သည့် ပုံဥပမာကို သခင်ခရစ်တော်က ကျွန်ုပ်တို့ကို ပြောပြခဲ့သည်။ ဤသို့ပြုခြင်းဖြင့် ထိုသူစိမ်းသည် လူမျိုးရေး၊ နိုင်ငံရေး နှင့် ဘာသာရေးဆိုင်ရာ ကန့်သတ်ချက်များကို ဖောက်ဖျက်မှုကျူးလွန်နိုင်ခဲ့သည်။ ဤအလိုအလျောက်အပြုအမူအားဖြင့် ဒဏ်ရာရနေသူ၏ အနီးဆုံးသူတစ်ဦး ဖြစ်လာခဲ့ခြင်းသည် ထိုနေ့အတွက် သူ့ဘဝအဓိပ္ပါယ်ရှိစေခဲ့သည် မဟုတ်ပါလား။ ကျွန်ုပ်တို့သည်လည်း ထိုပုံဂို

လ်အား "ကောင်းသောဆမာရီတန်" အဖြစ် ယနေ့ထိတိုင် သတိရနေကာ သူသည်လည်း ကျွန်ုပ်တို့အား လှုံ့ဆော်မှုကိုပေးနေဆဲဖြစ်သည်။

*Ubuntu* – "လူသားဖြစ်ရခြင်း၏ အနှစ်သာရ" ဆိုသည်မှာ ကျွန်ုပ်တို့၏ ဆိုရိုးစကားတစ်ခုဖြစ်သည်။ ယင်း၏အဓိပ္ပါယ်မှာ မည်သူမျှတစ်ဦးတည်းရှိနေခြင်းဖြင့် လူသားတစ်ဦးအဖြစ် ရပ်တည်နိုင်မည် မဟုတ် ဟု ဆိုသည်။ ၎င်းက ကျွန်ုပ်တို့အချင်းချင်းပါတ်သက်ဆက်နွယ်မှုအကြောင်း ပြောနေခြင်း ဖြစ်သည်။ အချိန်အခါများစွာ၌ မိမိတို့သည်တစ်ပါးသူများနှင့်ကွဲကွာနေသည့် သီးခြားပုဂ္ဂိုလ်များ အဖြစ် ကျွန်ုပ်တို့တွေး မိတတ်ကြသည်။ အမှန်စင်စစ်မှာမူ ကျွန်ုပ်တို့အားလုံးသည် ဆက်နွယ် နေကြပြီး ကျွန်ုပ်တို့လုပ်သည့် လုပ်ရပ်တိုင်းသည် ကမ္ဘာကြီးအပေါ်သက်ရောက်မှုရှိသည်။
(ကိုးကား - အင်္ဂလိကန်ဆရာတော် Desmond Tutu - တောင်အာဖရိကမှ လူမျိုးရေးခွဲခြားခြင်း နှင့် ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းပေးခဲ့သူ)

## ဒုတိယကမ်းလှမ်းချက် - ဆွေးနွေးခြင်းကို အားပေးခြင်း

စည်းလုံးမှုရှင်သန်ကြီးထွားလာရန် ယုံကြည်မှုကိုတည်ဆောက်ဖို့ ရှေးဦးစွာလိုအပ်ပါသည်။ သို့သော်လည်း ယုံကြည်မှုမရှိကြခြင်းသည် လူသားအချင်းချင်းဆက်ဆံရေးကို အလွန်အနှောက်အယှက် ဖြစ်စေပါသည်။ နှုတ်ဖြင့်လွန်ကျူးခြင်းများသည်လည်း လူထုကြားငြင်းခုန်မှု နှင့် လူမှုကွန်ယက်ပေါ်တွင် တစ်နေ့တခြားများပြားလာပြီး လူတို့မှာလည်း ကြောက်ရွံ့စိတ်ဖြင့် ကြိုးကိုင်ခြယ်လှယ်ခံနေရပါသည်။ ထိုသို့ဖောက်ပြားနေမှုများကို ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ကြမည်နည်း။

ကျွန်ုပ်တို့သည် နားထောင်ရန် နှင့် ဆွေးနွေးခြင်းကိုရွေးချယ်နိုင်သည်။ ထိုသို့ဆိုရာတွင် မိမိသည် ကိုယ်နှင့်အမြင်မတူသည့်သူနှင့် အရာခပ်သိမ်းသဘောတူရမည်ဟုဆိုလိုခြင်းမဟုတ်ပါ။ သို့သော် မိမိနှင့်အမြင်မတူသူနှင့် ဆက်လက်ပြောဆိုဆွေးနွေးနိုင်ရန် အတတ်နိုင်ဆုံးကြိုးစားသွားကြရမည်ဟု ဆိုလိုပါသည်။ ဆွေးနွေးမှုတို့ကို ပျက်ပြားသွားစေမည့်အရာမှန်သမျှကို ရှောင်ရှားနိုင်ရန် အစွမ်းကုန် ကြိုးစားကြပါစို့။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ တံဆိပ်ခတ်နှိပ်ခြင်း နှင့် အကြောင်းမဲ့မလိုမုန်းထားမှုများမရှိစေရန် ကျွန်ုပ်တို့ ကြိုးစားကြပါစို့။ မည်သူမျှမိမိ၏ထင်မြင်ယူဆချက်နှင့် အပြုအမူကြောင့် ယုတ်လျော့သွားခြင်း မျိုးမဖြစ်သင့်ပါ။ ကြီးမားသော သဘောမတူညီမှုများအပါအဝင် သဘောမတူညီမှုများကို ခိုက်ရန်ဒေါသစိတ်မပါဘဲ ဖော်ပြနိုင်ပါသည်။ သို့သော် မတရားသောအခြေအနေများတွင်မူ မိမိ၏ ဒေါသစိတ်ကိုဖော်ပြရန်လိုအပ်သည်ကို ကျွန်ုပ်တို့ ဝန်ခံရမည်ဖြစ်သည်။

မိမိတို့၏ဖြစ်တည်မှုကို အလိုအလျောက်ကာကွယ်လိုသောစိတ်များကြောင့် လူ့အဖွဲ့အစည်းအတွင်းတွင် ကွဲကြောင်းများတိုးပွားလာသည်။ ယင်းသည် ခရစ်ယာန်အသင်းအဖွဲ့များကြား၌လည်း ဖြစ်လေ့ရှိသည်။ တစ်ပါးသူများနှင့်ဆန့်ကျင်သည့်ဘက်မှရပ်တည်မှုကို ရွေးချယ်မည့်အစား တစ်ပါးသူများအား ရှောင်ကျဉ်ခြင်းမရှိသည့် ရပ်တည်မှု နှင့် ပါတ်သက်ဆက်နွယ်မှုကို ပိုကောင်းလာအောင် ကျွန်ုပ်တို့ ပြုလုပ်နိုင်ကြမလား။
အရေးကြီးသောကိစ္စများ၌ ကွဲပြားခြားနားသည့်အတွေးရှိသူများအကြား အစစ်မှန်ဆုံး နှင့် အရင်းနှီးဆုံး ခင်မင်မှု ရှိနိုင်သည်။ ထိုဖြစ်ရပ်မျိုးတွင် နာကျင်မှုတို့အလိုအလျောက် ပါဝင်နိုင်သော်လည်း ကျွန်ုပ်တို့၏ မိတ်ဆွေကို ကျွန်ုပ်တို့နှင့် ပိုမိုရင်းနှီးစေသည်။
(ကိုးကား - ပြင်သစ်အတွေးအခေါ်ပညာရှင် Jacques Maritain ၁၉၇၀)

## တတိယ ကမ်းလှမ်းချက် - ကျွန်ုပ်တို့သည် ညီအစ်ကို မောင်နှမများဖြစ်ကြသည်

စည်းလုံးမှုကိုတိုးပွားလာစေရန်ပံ့ပိုးပေးခြင်းသည် လူမှုရေးမညီမျှမှုများကို ငြင်းဆိုခြင်းဖြစ်သည်။ လုံးဝဆန့်ကျင်နေခြင်းအချို့သည် လူအများအပြား နှင့် တစ်ခါတစ်ရံနိုင်ငံတစ်နိုင်ငံလုံးနီးပါးခံစား နေကြရသည့် ဖယ်ကျဉ်ထားခံရခြင်းမှ စတင်အရင်းခံသည်။

အသင်းတော်အားလုံးမှ ခရစ်ယာန်များ၊ ဘာသာပေါင်းစုံမှယုံကြည်သူများ၊ ဘုရားကိုမယုံကြည်သည့် ယောကျ်ားမိန်းမများအားလုံး ပြိုကျလုနီးသောအခြေအနေများကြားတွင် ဖယ်ကျဉ်ခံနေရသူများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ဘဝကိုခက်ခဲကြမ်းတမ်းစွာဖြတ်ကျော်နေရသူများနှင့်အတူ ရှိနေနိုင်သည်။

ညီအစ်ကို မောင်နှမများကဲ့သို့နေထိုင်ခြင်းသည် ကျွန်ုပ်တို့၌ပင်စတင်သည်။ ခွဲခြားမှုများကိုကျော်လွှန်ပြီး ခင်မင်မှုကိုတည်ဆောက်ကြပါစို့။ သို့ပြုလျှင် ကျွန်ုပ်တို့၏နှလုံးသားများ ပိုမိုပွင့်လင်းကျယ်ဝန်းလာပြီး ပို၍လူသားဆန်လာမည်ဖြစ်သည်။ မိမိတို့၏ တစ်ကိုယ်ရည်နေထိုင်မှုဘဝပုံစံသည် ကမ္ဘာ၏ အခြားတစ်ဘက်အပေါ် မည်မျှသက်ရောက်မှုရှိသည်ကို ကျွန်ုပ်တို့သိပါသလား။

ခရစ်ယာန်များအနေဖြင့် ညီအစ်ကိုမောင်နှမများကဲ့သို့နေထိုင်ခြင်းသည် ယုံကြည်ရာအချက်နှင့် ခွဲခြား၍မရပေ။ "သင်တို့သည် အငယ်ဆုံးသောသူအတွက်ကျေးဇူးပြုခြင်းသည် ကျွန်ုပ်အတွက်ပြုခြင်း ဖြစ်သည်" ဟု သခင်ခရစ်တော်မိန့်ကြားခဲ့သည် (မာတေး ၂၅:၄၀)။ ကမ္ဘာမြေသို့ဆင်းကြွလာခြင်းဖြင့် ခရစ်တော်သည်လူသားတစ်ဦးချင်းစီနှင့်ပေါင်းစပ်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘဝတွင်နာကျင်မှုများရှိသူထံ ချဉ်းကပ်တိုင်း ခရစ်တော်နှင့်ပိုမိုနီးစပ်လာကြသည်။ သူတို့သည်ကျွန်ုပ်တို့အား ခရစ်တော်နှင့် ပိုမိုရင်းနှီး ကျွမ်းဝင်လာစေသည်။
တစ်နေ့တာအတွက် အကြီးဆုံးစိန်ခေါ်မှုမှာ "ကျွန်ုပ်တို့တစ်ဦးချင်းစီ၏ နှလုံးသားမှဖြစ်ပေါ်လာသော နှလုံးသားတော်လှုန်ရေးကို မည်ကဲ့သို့ဆောင်ကျဉ်းနိုင်မည်နည်း" ဖြစ်သည်။ အနိမ့်ကျဆုံးနေရာကို ကျွန်ုပ်တို့ယူလျှင်၊ တစ်ပါးသူ၏ခြေထောက်ကို ကျွန်ုပ်တို့ဆေးကြောလျှင်၊ လောင်ကျွမ်းနေသော ချစ်ခြင်းဖြင့် ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမများကို ကျွန်ုပ်တို့ချစ်လျှင်၊ ထိုလက်ဝါးကားတိုင်ဆီသို့ ဦးတည်သွားမည့်အရာများကိုလုပ်လျှင် "နှလုံးသားတော်လှန်ရေးကို စတင်နိုင်ပြီ" ဟု ကျွန်ုပ်တို့ ကြွေးကြော်နိုင်ပါမည်။
(ကိုးကား - အမေရိကန်သတင်းထောက် Dorothy Day ၁၉၆၃ ခုနှစ် လူ့အခွင့်အရေးအတွက် ရှေ့တန်းမှတိုက်ပွဲဝင်ခဲ့စဉ်)

### စတုတ္ထ ကမ်းလှမ်းချက် - ဖန်ဆင်းခံအရာများနှင့် ပေါင်းစည်းခြင်း

ယနေ့ခေတ်တွင် ကျွန်ုပ်တို့သည် ဖန်ဆင်းခံအရာများ၏စည်းလုံးမှုကိုရှင်းလင်းစွာမြင်ကြရသည်။ သက်ရှိအရာများအားလုံး၏ဆက်နွယ်မှုက ကျွန်ုပ်တို့အားလုံးသည် တစ်နည်းတစ်ဖုံအားဖြင့် ညီအစ်ကို မောင်နှမများဖြစ်ကြကြောင်း သိစေသည်။ ယုံကြည်သူများအတွက် ကမ္ဘာမြေကြီးသည် ဘုရားသခင်မှ ကျွန်ုပ်တို့အား ယုံကြည်စွာအပ်နှင်းထားသောလက်ဆောင်မွန်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့က နောင်လာမည့် မျိုးဆက်ကို လက်ဆင့်ကမ်းပေးသွားရမည်ဖြစ်သည်။

လူတို့၏လုပ်ဆောင်ချက်များကြောင့် ကမ္ဘာမြေကြီးသည် မည်မျှပင်ယုတ်လျော့လာသည်ကို ကျွန်ုပ်တို့မျက်မှောက်ခေတ်တွင် မြင်ကြရသည်။ မကြာသေးသောကာလများတွင် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုဆိုးရွားမှုတို့က ကမ္ဘာ့နေရာအများအပြားကို ထိခိုက်ပျက်စီးစေခဲ့ပါသည်။ ထိုကပ်ဆိုးများက လူအများအပြားတို့အား မိမိတို့၏နေရပ်ကိုစွန့်ခွာရန် တစ်နေ့တစ်ခြားတိုး၍ တွန်းပို့နေပါသည်။ ထိုနေရပ်များ၌လည်း လူသားတို့နေထိုင်၍မရနိုင်တော့ပေ။ သုတေသနများကလည်း ဂေဟစနစ်၏ ပျက်စီးယိုယွင်းမှုအကြောင်း ကျွန်ုပ်တို့အားသတိပေးနေသည်မှာ ဆယ်စုနှစ်များစွာ ရှိလာခဲ့ပါပြီ။

ထိုသဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေများနှင့်ရင်ဆိုင်နေရချိန်တွင် နိုင်ငံရေး၊ သိပ္ပံပညာ ဆန်းသစ်မှု နှင့် လူမှုရေးဆိုင်ရာရွေးချယ်မှုများမှာ လွန်စွာအရေးကြီးလှပါသည်။ လူငယ်များစွာက ရဲဝံ့သောကျိုးပမ်းမှုတို့ဖြင့်လုပ်ဆောင်နေကြသော်လည်း ထိုလူငယ်တချို့မှာ ခံပြင်းမှုနှင့်ဒေါသ တို့ကြောင့် ခြိမ်းခြောက်ခံနေရသည်မှာ နားလည်ဖို့ရန်လွယ်ကူပါသည်။

ထိုအရာများကြောင့် ကျွန်ုပ်တို့စိတ်အားလျော့စရာမလိုပါ။ ပြောင်းလဲမှုတစ်ခုပေါ်ထွက်လာရန် "ဘာမှမရှိသလောက်ပါပဲ" ဆိုသည်နှင့်စတင်စမြဲပင်ဖြစ်သည်။ ထိုပြဿနာများကိုတုန့်ပြန်ရန် ဆက်ကပ်မှုနှင့် လူတို့၏လုပ်ကိုင်နိုင်စွမ်းကိုယုံကြည်ခြင်းရှိရန် ဘုရားသခင်ထံယုံကြည်ခြင်းက ယုံကြည်သူများကို နှိုးဆော်ပေးမည်ဖြစ်သည်။ "မကြာတော့မည့်ကာလတွင် သဘာဝပါတ်ဝန်းကျင် ဆိုင်ရာ ပြောင်းလဲမှုကိုပိုမိုအလေးအနက်ဖြစ်စေရန် သာမညပင်ဖြစ်ပါစေ မည်ကဲ့သို့သောတိကျသည့် လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့လုပ်ဆောင်နိုင်ပါမည်လဲ" ဟူသည့်မေးခွန်းကို မိမိကိုယ်ကို ပြန်လည်မေးကြပါစို့။

မည်သူမဆို၊ မည်သည့်နေရာ၌ပင်ရှိနေပါစေ ကျွန်ုပ်တို့အားလုံးသည် တစ်ခါမျှမကြုံခဲ့ဖူးသော ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုပြဿနာကို အတူအကွဖြေရှင်းရန် တစ်စိပ်တစ်ပိုင်းပါဝင်နိုင်ပါသည်။ ဘုရားသခင်၏ဖန်ဆင်းခြင်းကို ထိန်းသိမ်းစောင့်ရှောက် ခြင်းသည် ဆက်ကပ်မှုလိုအပ်သည့် ဝိညာဉ်ရေးဆိုင်ရာတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ယခုကာလသည် အလွန်အရေးကြီးသောအချိန်အခါဖြစ်သည်။ ကျွန်ုပ်တို့သားသမီးများနှင့် ကျွန်ုပ်တို့အားလုံးနှင့်ဆိုင်သော အိမ်ဂေဟာတို့၏အနာဂတ်သည် ယခုပစ္စုပ္ပန်ပေါ်တွင် မူတည် နေသည်။
(ကိုးကား - ပုပ်ရဟန်းမင်းကြီး ဖရန်းစစ်၊ ဘုန်းတော်ကြီး ဘာသိုလိုမြူး နှင့် ကန်တာဘူရီ ဂိုဏ်းချုပ်ဆရာတော် ဂျက်စတင်း ဝယ်လ်ဘီ တို့၏ ပူးပေါင်းထုတ်ပြန်ချက်မှ)

**ပဥ္စမ ကမ်းလှမ်းချက် - ခရစ်ယာန်များစည်းလုံးခြင်းအတွက် စိတ်ပြင်းပြခြင်း**

စည်းလုံးမှုကိုရှာဖွေခြင်းသည် ခရစ်ယာန်များအတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်သည်။ ကွဲပြားနေခြင်းများကိုထိန်းသိမ်းထားမည်ဆိုလျှင် ကျွန်ုပ်တို့သည် ညီအစ်ကိုမောင်နှမများအဖြစ် ရှိနေခြင်းကို မည်သို့အထောက်အကူဖြစ်စေနိုင်မည်နည်း။ ခရစ်တော်၌ ကျွန်ုပ်တို့သည် ပြိုင်ဘက်ကင်းသောစည်းလုံးခြင်း၏အရင်းအမြစ်ကိုတွေ့နိုင်သည် (ယောဟန် ၁၇း၂၀-၂၁၊ ဧဖက် ၂း၁၄)။ ကားတိုင်ပေါ်တွင်အသက်ကိုပေးခြင်းဖြင့် မုန်းတီးခြင်းနှင့် လူသားများကြားရှိအတားအဆီးများကို ဖျက်ဆီးသည့် အဆုံးစွန်သောချစ်ခြင်းကိုပေးအပ်ခဲ့သည်။

ကြီးမားသောမတူကွဲပြားမှုကြားတွင် စည်းလုံးခြင်းရှိနိုင်သည်ကိုသက်သေထူရန် နှင့် ကွဲပြားခြားနားမှု များကိုဖြတ်ကျော်ကြရန် သမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုဖိတ်ခေါ်နေပါသည်။ လူသားမိသားစုတို့ ညီအစ်ကိုမောင်နှမများကဲ့သို့နေထိုင်ရန် ခရစ်ယာန်များမှဆက်ကပ်ပါဝင်ခြင်းသည် အရေးကြီးသည့် ပံ့ပိုးမှုမဟုတ်ပါလား။ ထိုကဲ့သို့ပါဝင်လုပ်ဆောင်ခြင်းသည် စကားလုံးများထက်ပို၍ ထိရောက်မှုရှိ ပါသည်။

စည်းလုံးမှုကိုဖန်တီးသည့်အနုပညာကိုပြုစုပျိုးထောင်ရန် သမ္မာကျမ်းစာမှ ကျွန်ုပ်တို့ကို လှုံ့ဆော် ထားသည်။ မည်သည့်နေရာ၌ရှိနေပါစေ နားထောင်ပေးခြင်း နှင့် ခင်မင်မှုဟူသည့် အချိတ်အဆက်အားဖြင့် ကျွန်ုပ်တို့သည် စည်းလုံးမှုကိုဖန်တီးပေးသူများ ဖြစ်နိုင်ပါသည်။

ခရစ်ယာန်အသင်းကွဲများအကြား ဆွေးနွေးမှုများတွင် ကျန်ရှိနေသောမတူကွဲပြားမှုများကို အလေးအနက်ထားကြရန်လိုအပ်ပြီး ဘာသာရေးလေ့လာသည့်သုတေသန (theological research) တို့ကို မရှိမဖြစ်ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။ သို့သော်လည်း ဆွေးနွေးပွဲလုပ်ရုံမျှနှင့် မြင်သာသောစည်းလုံးမှုကိုရရှိနိုင်မည်မဟုတ်ချေ။

ရှေ့ဆက်ပြီး ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုဗဟိုပြုဆုတောင်းခြင်းဖြင့် ဆေးကြောခြင်းမင်္ဂလာ ခံယူထားသော သင်းကွဲခရစ်ယာန်များအားလုံး မကြာခဏတွေ့ဆုံသင့်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့ကို အံ့အားသင့်စေမည်ကို မည်သူသိနိုင်မည်နည်း။ ခရစ်တော်သည် ကျွန်ုပ်တို့အားလုံးကိုအတူတကွရှိစေမည့်သူဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိလာနိုင်ပြီး ကျွန်ုပ်တို့၏ လစ်ဟင်းချက်များကို နှိမ့်ချခြင်းဖြင့်သိရှိလာလျှင်၊ သူတစ်ပါးထံမှလက်ခံယူနိုင်မည့်အရာများကို ကျွန်ုပ်တို့ကြိုဆိုလျှင် ခရစ်တော်၏ချစ်ခြင်းမေတ္တာသာ၍ထွန်းလင်းတောက်ပလာနိုင်မည်ဖြစ်သည်။

> အပြန်အလှန်ပေးကမ်းခြင်း နှင့် လက်ခံယူခြင်းသည် အရေးကြီးသောအရာဖြစ်သည်။ တရားသေစွဲကိုင်ထားသော အယူဝါဒကိုဆုပ်ကိုင်ခြင်းမဟုတ်ဘဲ လွှန်စွာအရေးပါသော တမန်တော်တို့၏ယုံကြည်ခြင်းကို ကွဲပြားသော်လည်းဆုံမှတ်တူသောလမ်းကြောင်းပေါ်တွင် ဖော်ထုတ်နိုင်သည်ကို နားလည်ကြရန် လိုပါသည်။
>
> (ကိုးကား - အယ်လစ်စဘက် Behr-Sigel, Orthodox theologian, ၁၉၈၆)

**ဆ၄မ ကမ်းလှမ်းချက် - ဘုရားသခင်အား ကျွန်ုပ်တို့၏နှလုံးသားများကိုပေါင်းစည်းစေပါ။**

စည်းလုံးခြင်းရှိလာစေရန် ကျွန်ုပ်တို့၏နှလုံးသားမှစတင်လာသည့် ဖြစ်တည်မှုအလုံးစုံလိုအပ်သည်။ သက်တမ်းကြာမြင့်လှပြီဖြစ်သည့် ဆာလံကျမ်းစကားအရ ဘုရားသခင်ထံပန်ကြားမည့် ကျွန်ုပ်တို့၏ ဆုတောင်းမေတ္တာမှာ "ဘုရားရှင်၏နာမတော်ကိုချီးမွမ်းနိုင်ရန်အလို့ငှါ ကျွန်ုပ်၏နှလုံးသားကို ပေါင်းစည်း စေပါ" (ဆာလံ ၈၆း၁၁) ဖြစ်သည်။

အတွင်းကျသည့်စစ်မှန်သောစည်းလုံးမှုကိုရရှိနိုင်ရန် ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ မလုပ်နိုင်ကြောင်း (သို့မဟုတ်) မကြုံတွေ့နိုင်ကြောင်းကို လက်ခံခြင်းဖြင့် ကျွန်ုပ်တို့၏စိတ်ဆန္ဒများကို ကိုင်တွယ်ရန် လိုအပ်သည်မဟုတ်ပါလား။ ဖြစ်နိုင်ခြေများစွာကျွန်ုပ်တို့အတွက်ရှိနေလျှင် မည်သည့်ဖြစ်နိုင်ချေများက ငြိမ်းချမ်းခြင်း၊ အလင်း နှင့် ပျော်ရွှင်မှုများဆီသို့ အများဆုံးဦး တည်သွားမည်ကို ထောက်ရှုဆင်ခြင်ကြပါစို့။

ဘုရားသခင်ထံမှလာသည့် ပေါင်းစည်းခြင်း နှင့် စည်းလုံးမှုကိုတောင့်တသည့်စိတ် ကျွန်ုပ်တို့၌ ရှိနေပါသည်။ ထိုအရာကို ကျွန်ုပ်တို့သည် ဆုတောင်းခြင်းမေတ္တာအားဖြင့် ဖော်ကျူးနိုင်သည်။ စကားလုံးအနည်းငယ်အားဖြင့်၊ ဘုရားသခင်နှင့်တစ်ဦးတည်းဆိတ်ငြိမ်စွာတည်ရှိနေခြင်းပင်လျှင် ဘဝအဓိပ္ပါယ်ကို ကျွန်ုပ်တို့ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်ဘုရားနှင့်အတူ လှုပ်ရှားသက်ဝင်ရန် ကျွန်ုပ်တို့အဆင်သင့်ရှိနေဖို့ကို ပြန်လည်ဆန်းသစ်စေသည်။

နှလုံးသား၏စည်းလုံးမှုရှိရန် ခရစ်တော်ကိုမျက်မှောက်ပြုခြင်း၊ ခရစ်တော်ကိုပိုမိုသိရှိရန်လေ့လာခြင်း၊ မိမိတို့၏ပျော်ရွှင်မှုနှင့်ဒုက္ခများကိုအပ်နှံခြင်းများက အစဉ်ဖြစ်နိုင်ချေရှိသော နည်းလမ်းတစ်မျိုးပင် ဖြစ်သည်။ ထိုနည်းလမ်းနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရှင်ပြန်တော်မူသော ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိနေသည်ကိုယုံကြည်ခြင်းအားဖြင့် အခက်အခဲများကြား နှင့် အနာဂတ်အတွက်ရေရာသေချာမှု မည်မျှပင်နည်းစေကာမူ ကျွန်ုပ်တို့၏ခရီးစဉ်ကို တစ်လှမ်းချင်းရှေ့ဆက်နိုင်မည်ဖြစ်သည်။

တိတ်ဆိတ်ခြင်းကိုထားရှိခြင်းသည် ဘုရားသခင်ကိုနားထောင်ခြင်းဖြစ်ပြီး ဘုရားသခင်ကို ကြားဖို့ရန် (သို့) နားထောင်ဖို့ရန်တားဆီးထားသောအရာဟူသမျှကို ဖယ်ရှားခြင်းဖြစ်သည်။ ၎င်းမှာ ဆုတောင်းခြင်း၌သော်လည်းကောင်း ဆုတောင်းခြင်း၏ပြင်ပ၌သော်လည်းကောင်း ဘုရားသခင်မှ မိမိ၏အလိုတော်ကိုပြောပြခြင်းအား နားထောင်ခြင်းဖြစ်သည်။ ဘုရားသခင်၏အလိုတော်အတိုင်း ကျင့်ကြံဖို့ရန် ထိုတိတ်ဆိတ်ခြင်းကိုလိုအပ်ပြီး ၎င်းသည်ကျွန်ုပ်တို့ အလွန်လျစ်လျူရှုသော ကျွန်ုပ်တို့၏ ပင်ကိုယ်စရိုက်ကိုကျော်လွှန်ခြင်းဖြစ်သည်။ တောင်သူသည် မိမိရိတ်သိမ်းသော အရာများကို စပါးကျီထဲတွင်စုဆောင်းသကဲ့သို့လည်းကောင်း၊ သုတေသနပညာရှင်သည် မိမိ၏ စမ်းသပ်မှုကို စုစည်းသကဲ့သို့လည်းကောင်း ကျွန်ုပ်တို့သည် လမ်းကြောင်းများ၊ အရိပ်အမြွက်များ၊ ဖိတ်ကြားချက်များ နှင့် ဘုရားသခင်၏အလိုတော်ကို စုဆောင်းရပါမည်။

(ကိုးကား - ပြင်သစ်စာရေးဆရာ တစ်ဖြစ်လဲ လူမှုရေးဝန်ထမ်း မယ်ဒလိန်း ဒယ်လ်ဘရဲလ် ၁၉၆၈)